အလုပ်ခွင်မှာ တစ်စုံတစ်ခု မှားနေသည် သို့မဟုတ် သင်၏ ဗီဇာစည်းကမ်းချက်များကို မလိုက်နာနေသည်ဟု ထင်မှတ်လျှင်၊ အောက်ပါတို့ကို လုပ်ပါ။

# အလုပ်ခွင်မှာ အခွင့်အရေးများ မတရားယူခံခဲ့ရခြင်းကို တိုင်ကြားရမည့်ပုံ

## မြန်မာဘာသာစကား

SA UNIONS

## ဤဗီဇာအကာအကွယ်များကို မည်သို့ရယူရမည်ကို မသေချာဘူးလား။

အလုပ်သမား သမဂ္ဂ၊ ဥပဒေရေးရာဌာန သို့မဟုတ် ရွှေ့ပြောင်းလာ နေထိုင်မှုဆိုင်ရာ ပံ့ပိုးကူညီပေးသည့် အဖွဲ့ အစည်းထံ စုံစမ်းမေးမြန်းပါ။

SA UNIONS

SAUNIONS.ORG.AU
(08) 8279 2222

This material was developed with funding from the Australian Government.

**ဗီဇာ အကာအကွယ်များ**

ဩစတြေးလျားအစိုးရသည် အလုပ်ခွင်တွင် အခွင့်အရေးများ မတရားယူခံခဲ့ကြရသော ယာယီဗီဇာကိုင်ဆောင်ထားကြသူများအတွက် ကာကွယ်မှုအသစ်များကို ထုတ်ပြန်ခဲ့သည်။ ဤအကာအကွယ်များသည် ဗီဇာဖျက်သိမ်းခံရမည်ကို မစိုးရိမ်ရဘဲ အခွင့်အရေးများ မတရားယူခံခဲ့ရခြင်းများကို တိုင်ကြားရာတွင် သင့်အား ထောက်ကူပေးရန် ပုံစံထုတ်ထားပါသည်။

**Workplace Justice** ဗီဇာသည် အချို့သော ယာယီဗီဇာ ကိုင်ဆောင်ထားသူများ သို့မဟုတ် မကြာသေးမီက ယာယီဗီဇာ ကိုင်ဆောင်ထားသူများ အလုပ်ခွင်တွင် မိမိတို့၏ အခွင့်အရေးများကို မတရားယူခံခဲ့ကြရပါက ၎င်းတို့အနေနှင့် တရားဥပဒေအရ အရေးယူနိုင်ရန် ဩစတြေးလျားတွင် နေထိုင်ခွင့်ပြုသည့် ယာယီဗီဇာဖြစ်သည်။

**Strengthening Reporting Protections (SRP)** (တိုင်ကြားရန် အားဖြည့်ပေးသည့် ကာကွယ်ပေး ဥပဒေများ) သည် ယာယီဗီဇာ ကိုင်ဆောင်သူကြများ အလုပ်ခွင်၌ အခွင့်အရေးများ မတရားယူခံခဲ့ရခြင်းကို တိုင်ကြားကြပါက ၎င်းတို့၏ ဗီဇာဖျက်သိမ်း မခံရရန် ကာကွယ်ပေးသည့် ဗဟိုအစိုးရ၏ အစပျိုးမှုတစ်ရပ်ဖြစ်သည်။ ၎င်းသည် အလုပ်သမားများ မိမိတို့၏ ဗီဇာစည်းကမ်းသတ်မှတ်ချက်ကို ချိုးဖောက်ခဲ့လျှင်ပင် မိမိတို့အနေနှင့် မကြောက်မရွံ့ ရှေ့တိုး လုပ်ဆောင်နိုင်စေသည်။

**1 သင်၏ လုပ်ဖော်ကိုင်ဖက်များနှင့် ပြောဆိုဆွေးနွေးပါ**

သင်၏ အလုပ်ရှင်က သင့် လုပ်ဖော်ကိုင်ဖက်များအားလည်း အခွင့်အရေးများ မတရားယူနေသလားကို မေးမြန်းပါ။

**2 မှတ်တမ်းများကို သိမ်းဆည်းထားပါ။**

အောက်ပါတို့ကို ခြေရာကောက်ကြည့်ရန် မှတ်စုစာအုပ်ကို အသုံးပြုပါ

- အလုပ်လုပ်ခဲ့ချိန်ပေါင်း
- အဆိုင်း စတင်ချိန်/ပြီးဆုံးချိန်များ
- အနားယူချိန်များ
- လက်ခံရရှိ လုပ်ခ (ငွေသား သို့မဟုတ် အခြားပုံစံ)

**3 စုံစမ်းစစ်ဆေးသူများနှင့် ပူးပေါင်းဆောင်ရွက်ပါ**

အကယ်၍ Fair Work Ombudsman သို့မဟုတ် အလုပ်သမားသမဂ္ဂ ဝန်ထမ်းများ သင့်အလုပ်ခွင်သို့ လာရောက်ကြပါက ၎င်းတို့နှင့် ပူးပေါင်းဆောင်ရွက်ပါ။ အကယ်၍ လိုအပ်လျှင် သင်၏ အလုပ်ခွင်ပြင်ပတွင် တွေ့ဆုံခိုင်းနိုင်ပါသည်။

**4 အောက်ပါ စစ်ဆေးရန်စာရင်းကို အစီရင်ခံရန် ပြင်ဆင်ထားပါ**

- ABN၊ သင့်အလုပ်ရှင်၏ တရားဝင်/လုပ်ငန်းအမည်
- အလုပ်စတင် လုပ်ခဲ့သည့်နေ့စွဲ
- Award သို့မဟုတ် enterprise agreement (သက်ဆိုင်မှုရှိလျှင်)
- လစာဖြတ်ပိုင်းများ၊ ပြေစာများ၊ အလုပ်စာချုပ်
- သက်ဆိုင်ရာ စာတိုများ သို့မဟုတ် အီးမေးလ်များ

**ဤဗီဇာအကာအကွယ်များကို မည်သို့ရယူရမည်ကို မသေချာဘူးလား။**

အလုပ်သမား သမဂ္ဂ၊ ဥပဒေရေးရာဌာန သို့မဟုတ် ရွှေ့ပြောင်းလာ နေထိုင်မှုဆိုင်ရာ ပံ့ပိုးကူညီပေးသည့် အဖွဲ့အစည်းထံ စုံစမ်းမေးမြန်းပါ။

**အခွင့်အရေးများ မတရားယူခံခဲ့ရခြင်း သို့မဟုတ် ချိုးဖောက်နေခြင်းများ၏ လက္ခဏာများ**

- ငွေလျှော့ပေးမှု
- ဗီဇာစည်းကမ်းချက်များကို ချိုးဖောက်ရန် ဖိအားပေးမှု
- လိင်ပိုင်းအရ အကျပ်ကိုင်မှု
- သင့်ဗီဇာကို ဖျက်သိမ်းမည်ဟု ခြိမ်းခြောက်မှုများ
- နေရေးထိုင်ရေး အခြေအနေများ ဆင်းရဲမှု
- သင်၏ နိုင်ငံကူးလက်မှတ်ကို သိမ်းယူထားမှု